## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးမှ ဝန်ထမ်းအားလုံးသို့ (၂၀၁၉-၂၀၂၀) ဘဏ္ဍာနှစ်သစ်အတွက် ပေးပို့သည့် နှုတ်ခွန်းဆက်အမှာစကား

(၁-၁၀-၂၀၁၉) ရက်နေ့တွင် ပေးပို့ခဲ့သည့် နှုတ်ခွန်းဆက်အမှာစကားကို ပြန်ဆိုဖော်ပြခြင်းဖြစ်ပါသည်။

- (၂၀၁၉) ခုနှစ်၊ အောက်တိုဘာလ (၁)ရက်နေ့တွင် စတင်သည့် ယခုလာမည့် ဘဏ္ဍာနှစ်သစ်တွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနရှိ ဝန်ထမ်းများအားလုံးအနေဖြင့် စည်းလုံးညီညွတ်စွာ ပေါင်းစည်းထားသော အသင်းအဖွဲ့တစ်ဖွဲ့အဖြစ် လုပ်ငန်းတာဝန်များအား အတူတကွ ပူးပေါင်း ထမ်းဆောင်နိုင်ရန် ရည်မျှော်၍ ခင်မင်ရင်းနှီးစွာ နှုတ်ခွန်းဆက်သအပ်ပါသည်။
- ဝန်ထမ်းများနှင့် ၄င်းတို့၏ မိသားစုဝင်များအားလုံး ကျန်းမာပျော်ရွှင် အောင်မြင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။
- မိမိစတင်တာဝန်ယူခဲ့သည့် (၂၀၁၆) ခုနှစ်၊ ဧပြီလ (၁) ရက်နေ့မှစ၍ တာဝန်ဝတ္တရားများကို ကောင်းမွန်ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြသည့် ဝန်ထမ်းများအားလုံးကို အသိအမှတ်ပြု ချီးကျူး ဂုဏ်ပြုအပ်ပါသည်။
- အဆိုပါ (၂၀၁၆) ခုနှစ်၊ ဧပြီလ (၁)ရက်နေ့တွင် ဝန်ကြီးဌာနမှ ဝန်ထမ်းများအားလုံးသို့ မိမိ ပြောကြားခဲ့သည့် မိန့်ခွန်းတွင်ပါရှိသည့်အတိုင်း မိမိတို့အနေဖြင့် ရရှိထားသော ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ်နှင့် နိုင်ငံတော်မှ ခွဲဝေချထားပေးသော ဘဏ္ဍာငွေများကို အကျိုးရှိ ထိရောက်စွာ အသုံးချ၍ အရည်အသွေးပြည့်ဝသည့် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများအား ပြည်သူလူထုတစ်ရပ်လုံး လက်လှမ်းမီရရှိစေရေးအတွက် ဖွံ့ဖြိုးမှု မိတ်ဖက်အဖွဲ့အစည်းများ၊ အကျိုးတူပူးပေါင်းဆောင်ရွက်မည့်အဖွဲ့အစည်းများ၊ ကုလသမဂ္ဂ လက်အောက်ခံအဖွဲ့အစည်းများ၊ နိုင်ငံအချင်းချင်းပူးပေါင်းဆောင်ရွက်မှုများ၊ နိုင်ငံတကာနှင့် ပြည်တွင်း အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ နိုင်ငံတကာကျန်းမာရေးဆိုင်ရာအဖွဲ့အစည်းများ ၏ ရန်ပုံငွေအထောက်အပံ့၊ နည်းပညာဆိုင်ရာပံ့ပိုးမှုများနှင့် ပေါင်းစပ်၍ ဆက်လက်အကောင် အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

- လွန်ခဲ့သော (၃)နှစ်တာ ကာလအတွင်းတွင် မိမိတို့အနေဖြင့် လုပ်ငန်းစီမံချက်အများစုအား လမ်းကြောင်းမှန်ပေါ်ရောက်ရှိရန် အတူတကွ ကြိုးပမ်းဆောင်ရွက်နိုင်ခဲ့ကြပြီး သက္ကရာဇ် (၂၀၃၀) တွင် လူတိုင်းလက်လှမ်းမီနိုင်သည့် ကျန်းမာရေးလွှမ်းခြုံမှု (Universal Health Coverage) ရရှိနိုင်မည့်လမ်းကြောင်းပေါ်သို့ လျှောက်လှမ်းနေပြီဖြစ်သကဲ့သို့ စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင်များ (Sustainable Development Goals) ရည်မှန်းချက်အချို့ကိုလည်း ပြည့်မီအောင် အကောင်အထည်ဖော် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။
- မိမိတို့အနေဖြင့် လူ့စွမ်းအားအရင်းအမြစ်နှင့် ဘဏ္ဍာငွေဆိုင်ရာ အကန့်အသတ်များ ရှိနေသေးသည့်အတွက် စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင်ရည်မှန်းချက်များအားလုံးကို အောင်မြင်ပြီးမြောက်အောင် ဆောင်ရွက်နိုင်ရန်မှာ မလွယ်ကူလှသော်လည်း လာမည့်ကာလများတွင် မိမိတို့ ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ဆက်လက် ကြိုးပမ်းဆောင်ရွက်သွားမည် ဖြစ်ပါသည်။
- အထက်ပါပြောကြားခဲ့သည့်အတိုင်း ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးကဏ္ဍ လုပ်ငန်းဆောင်ရွက်မှုများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် လမ်းကြောင်းများချမှတ် ဆောင်ရွက်နိုင်ခဲ့ပါသည်။ အထူးပြောကြားလိုသည်မှာ ပြည်သူ့ကျန်းမာရေးဆိုင်ရာလုပ်ငန်းများအား သင့်လျော်မှန်ကန်စွာ လက်တွေ့ကျကျ အခြေအနေ အချိန်အခါနှင့်လိုက်လျောညီထွေ စနစ်တကျ ဆောင်ရွက်နိုင်မည်ဆိုပါက ပြည်သူလူထုအတွင်း အဖြစ်များသောရောဂါများဖြစ်ပွားမှုကို ကြိုတင် ကာကွယ်လျော့ချနိုင်မည်ဖြစ်ပြီး ထပ်မံမဖြစ်ပွားအောင်လည်း တားဆီးကာကွယ်နိုင်မည်ဖြစ်ပါသည်။ ထိုသို့ဆောင်ရွက်နိုင်ပါက ဆေးရုံသို့ လာရောက်ကုသမှုခံယူသည့် ပြင်ပလူနာနှင့် အတွင်းလူနာဦးရေ လျော့နည်းကျဆင်းလာမည်ဖြစ်ပြီး ပိုမိုအရည်အသွေးပြည့်ဝသော ကျန်းမာရေးစောင့်ရှောက်မှုကို ပေးစွမ်းနိုင်မည်ဖြစ်ပါသည်။ ထို့အပြင် အဆိုပါလူနာများအတွက် ခါတ်ခွဲစမ်းသပ်စရိတ်၊ ဓါတ်မှန်နှင့် ရောဂါရှာဖွေရေးစရိတ်၊ ဆေးဝါးပစ္စည်းများစသည့် ကုန်ကျစရိတ်များအတွက် နိုင်ငံတော်မှ ကျခံပေးနေရသည့် ဘဏ္ဍာငွေ ကျပ်သန်းပေါင်းများစွာကိုလည်း သက်သာ လျော့နည်းစေမည်ဖြစ်ပါသည်။ အဆိုပါ ပိုလျှံလာသောဘဏ္ဍာငွေများကို ခေတ်မီရောဂါရှာဖွေရေးနှင့် ကုသရေးဆိုင်ရာ စက်ကိရိယာများ ဝယ်ယူရာတွင် အသုံးပြုနိုင်မည်ဖြစ်ပြီး ပြည်သူလူထုအား ပိုမိုကောင်းမွန် အရည်အသွေးပြည့်ဝသော ကျန်းမာရေးဝန်ဆောင်မှုများ ဆောင်ရွက်ပေးနိုင်မည် ဖြစ်ပါသည်။

- ပြီးခဲ့သော (၃)နှစ်ခွဲတာကာလအတွင်း မိမိတို့အနေဖြင့် ကျန်းမာရေးဆိုင်ရာလုပ်ငန်းစီမံကိန်းများ အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် နည်းဗျူဟာနှင့် လုပ်ငန်းစဉ်များ ဖော်ထုတ်ချမှတ် ဆောင်ရွက်ခဲ့ပါသည်။ ထို့အပြင် အရည်အသွေးမြှင့်သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ လုပ်ငန်းပြန်လည်စီစစ်သုံးသပ်သည့်အစည်းအဝေးများ၊ လုပ်ငန်းဆန်းစစ်ဆောင်ရွက်ခြင်းများ၊ နှစ်ပတ်လည်လုပ်ငန်းဆန်းစစ်ဆွေးနွေးပွဲများ၊ ကျွမ်းကျင်မှုပိုင်းဆိုင်ရာဆွေးနွေးပွဲများ၊ စာတမ်းဖတ်ပွဲများ၊ ဆန်းသစ်တီထွင်ဆောင်ရွက်မှုများ၊ သုတေသနလုပ်ငန်းများ၊ e-government ဆိုင်ရာ လုပ်ငန်းများ၊ အထိမ်းအမှတ်နေ့ကျင်းပခြင်းများ၊ နည်းပညာဆိုင်ရာ ဆွေးနွေးတင်ပြပွဲများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များသို့ ကွင်းဆင်းကြီးကြပ်ခြင်းများ၊ ကူးစက်ရောဂါများ ကပ်ရောဂါအသွင်ဖြစ်ပွားမှုများအား စောင့်ကြပ်ကြည့်ရှုခြင်းနှင့် ထိန်းချုပ်ရေးလုပ်ငန်းများ၊ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုလုပ်ငန်းများနှင့် ဆေးလက်တွေ့သင်တန်းများအပြင် ကုသရေးနှင့် ပြည်သူ့ကျန်းမာရေးလုပ်ငန်းများအတွက် စံလုပ်ထုံးလုပ်နည်းများ၊ လမ်းညွှန်ချက်များ၊ နည်းနိဿယများ ပြုစုခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့ပါသည်။ မိမိတို့ဝန်ထမ်းများအနေဖြင့် ပြည်သူတစ်ရပ်လုံး အကျိုးဖြစ်ထွန်းစေသည့် လုပ်ငန်းပေါင်းများစွာကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့သည်မှာ အံ့သြဖွယ်ရာဖြစ်ပါသည်။

- ပြည်သူ့ဆေးရုံအသီးသီးမှ ကုသရေးဆိုင်ရာပညာရှင်များ၊ အုပ်ချုပ်ရေး၊ စီမံခန့်ခွဲရေးဆိုင်ရာ ဝန်ထမ်းများနှင့် မြို့ရွာအနှံ့ တာဝန်ထမ်းဆောင်နေသော အခြေခံကျန်းမာရေးဝန်ထမ်းများ အနေဖြင့် စိန်ခေါ်မှုများ၊ အခက်အခဲများကြားမှ မိမိတို့လုပ်ငန်းတာဝန်များကို ထူးချွန်ပြောင်မြောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြသည့်အတွက် ဝမ်းမြောက်ဂုဏ်ယူမိပါသည်။ သို့ရာတွင် ယခုထက် ပိုမိုတိုးတက်အောင် ဆောင်ရွက်ရမည့်လုပ်ငန်းများ ကျန်ရှိနေသေးသည်ကိုလည်း သဘောပေါက်နားလည်ကြရမည်ဖြစ်ပါသည်။

- ကောင်းမွန်သော ဆေးကုသမှုဆိုင်ရာကျင့်ဝတ်များ၊ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ ကျင့်ဝတ်များ၊ သူနာပြုနှင့်သားဖွားဆိုင်ရာကျင့်ဝတ်များနှင့် သုတေသနဆိုင်ရာကျင့်ဝတ်များအား လည်း နည်းစနစ်တကျ မြှင့်တင်ဆောင်ရွက်လျက်ရှိပါသည်။

- (၂၀၁၆) ခုနှစ်၊ ဧပြီလ (၁)ရက်နေ့မှ (၂၀၁၉)ခုနှစ်၊ စက်တင်ဘာလ (၃၀)ရက်နေ့ ကာလအတွင်း မိမိဝန်ကြီးဌာနမှ ဝန်ထမ်းများ၏ အရည်အချင်းနှင့် အရည်အသွေးကို မြှင့်တင်နိုင်ရန် ပညာရပ်နယ်ပယ်အသီးသီးအတွက် ပြည်ပနိုင်ငံများသို့ အစည်းအဝေးများ၊ စာတမ်းဖတ်ပွဲများ၊ ညီလာခံနှင့် အလုပ်ရုံဆွေးနွေးပွဲများ တက်ရောက်ရန် (၅,၇၀၀)ဦး၊ (၆)လအောက်သင်တန်း (၁,၃၂၁)ဦး၊ (၆)လအထက်သင်တန်း (၂၈၀)ဦး၊ မဟာဘွဲ့သင်တန်း (၉၈)ဦး၊ ပါရဂူဘွဲ့သင်တန်း (၅၉)ဦး အား စေလွှတ်နိုင်ခဲ့ပါသည်။
- ယခုအချိန်သည် မိမိတို့ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့သည့် လုပ်ငန်းများအား ပြန်လည်သုံးသပ်ဆန်းစစ်ရမည့်အချိန်ဖြစ်ပါသည်။ ဆောင်ရွက်ရန် ကျန်ရှိနေသေးသည့် လုပ်ငန်းကိစ္စရပ်များအား (၂၀၂၁) ခုနှစ်၊ မတ်လ (၃၁)ရက် မတိုင်မီ တတ်နိုင်သမျှ ပြီးမြောက်အောင် အားထုတ်ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ပြီး ဦးဆောင်စီမံခန့်ခွဲသူများမှလည်း မမိုတ်မသုန် အထူးဂရုပြု ပံ့ပိုးဆောင်ရွက်ပေးသွားရမည်ဖြစ်ပါသည်။
- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ လက်ရှိဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများအပြင် လာမည့်တစ်နှစ်ခွဲတာကာလအတွင်း ဦးစားပေးဆောင်ရွက်ရမည့်လုပ်ငန်းများမှာ -

  (၁) ဆေးရုံဆေးခန်းနှင့်ကျန်းမာရေးဌာနများတွင် <u>လူနာဘေးကင်းလုံခြုံရေး</u> (Patient Safety) လုပ်ငန်းများအား မြှင့်တင်ဆောင်ရွက်ရန်၊

  (၂) <u>ကျန်းမာရေးအဆင့်မြှင့်ကျောင်းလုပ်ငန်းများ</u> တိုးမြှင့်ဆောင်ရွက်ရန် (နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၏ လမ်းညွှန်ချက်ဖြစ်သော လုပ်ငန်းစဉ် (၇) ရပ်နှင့် ပုံမှန်ဆောင်ရွက်လျက်ရှိသော ကျောင်းကျန်းမာရေးလုပ်ငန်းစဉ် (၉) ရပ်)၊

  (၃) ဆေးတက္ကသိုလ်နှင့် ကျန်းမာရေးဆိုင်ရာနှီးနွှယ်တက္ကသိုလ် (၁၆)ခုနှင့် သူနာပြုနှင့်သားဖွားသင်တန်းကျောင်း (၅၀) ခုတို့ရှိ ဆရာ၊ ဆရာမများ၏ သင်ကြားရေးစွမ်းရည်များ မြှင့်တင်ပေးခြင်းအပြင် <u>အရည်အသွေးပြည့်ဝသည့် သင်ကြားမှုစနစ်များ</u> စတင်နိုင်ရန်၊

  (၄) မိုဘိုင်း Tablet ဖုန်းများ အသုံးပြု၍ <u>ပြည်သူလူထု၏ ကျန်းမာရေးအသိပညာမြှင့်တင်ရန်၊</u>

  (၅) <u>အခြေခံကျန်းမာရေးဝန်ထမ်းပညာရှင်များ၏</u> ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများအား ပြည်သူများအတွက် အကျိုးရှိထိရောက်စွာ အသုံးချနိုင်ရန်၊

(၆) နှလုံးသွေးကြောဆိုင်ရာရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ အစပျိုးဆောင်ရွက်ခြင်းအပါအဝင် မကူးစက်နိုင်သောရောဂါများ ဖြစ်ပွားမှုကာကွယ်ထိန်းချုပ်ရန်၊

(၇) ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာနခွဲအား ကူးစက်ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းနှင့် တုံ့ပြန်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကျိုးကြောင်းဆီလျော်စွာ ဝေဖန်သုံးသပ်နိုင်မှုစွမ်းရည် (critical thinking) တိုးတက်လာစေရေးအပါအဝင် လုပ်ငန်းစွမ်းဆောင်ရည်ပိုမိုအားဖြည့်ဆောင်ရွက်ရန်၊

(၈) သုတေသနဆောင်ရွက်မှုအလေ့အထ (research culture)အား မြှင့်တင်ရန်၊ လက်တွေ့အသုံးချသုတေသန (implementation research) များဆောင်ရွက်ရန်နှင့် အဆိုပါ သုတေသနတွေ့ရှိချက်များကို အခြေခံ၍ လုပ်ငန်းစွမ်းဆောင်ရည်များတိုးတက်လာစေရန်နှင့် စီမံခန့်ခွဲမှုဆိုင်ရာ စိန်ခေါ်မှုများအား ဖြေရှင်းဆောင်ရွက်ရန်၊

(၉) သုတေသနနည်းပညာဆိုင်ရာသင်တန်းများတိုးမြှင့်ဆောင်ရွက်ရန်နှင့် သုတေသနကျင့်ဝတ်နှင့်ကျွမ်းကျင်မှုပိုင်းဆိုင်ရာဆန်းစစ်သုံးသပ်ရေးဘုတ်အဖွဲ့ဝင်များ (Institutional Review Board Members) ၏ အရည်အသွေးကိုမြှင့်တင်ရန်၊

(၁၀) ကျန်းမာရေးစောင့်ရှောက်မှုစနစ်တွင် ပါဝင်သော အလွှာအသီးသီးရှိ ဝန်ထမ်းများအား စာရင်းအင်းကိန်းဂဏန်းအချက်အလက်များအပေါ် ခွဲခြမ်းစိတ်ဖြာသုံးသပ်နိုင်သည့် အရည်အသွေး (analytical skills) များ တိုးတက်လာစေရန်နှင့် ၎င်းသုံးသပ်ချက်များကို မိမိတို့၏ အထက်အဆင့်၊ အောက်အဆင့်များသို့ပြန်လည်ဝေမျှပေးနိုင်ရန်၊ အချက်အလက်အခြေပြုဆုံးဖြတ်ဆောင်ရွက်မှု (evidence-based decision making) စွမ်းဆောင်ရည်များ တိုးတက်လာစေရန်၊

(၁၁) လုပ်ငန်းလိုအပ်ချက်ပေါ်မူတည်၍ တုံ့ပြန်ပြောင်းလဲဆောင်ရွက်နိုင်သော ကျန်းမာရေးသတင်းအချက်အလက်စနစ် (health information system) ဖြစ်ပေါ်လာရန်၊

(၁၂) ကူးစက်နိုင်သောရောဂါများ၊ မကူးစက်နိုင်သောရောဂါများနှင့် ကျန်းမာရေးအခြေအနေများအတွက် စဉ်ဆက်မပြတ်စောင့်ကြပ်ကြည့်ရှုခြင်းစနစ် (Sentinel Surveillance System) ကို အားဖြည့်ဆောင်ရွက်ရန်၊

(၁၃) ပြည်သူ့ဆေးရုံများ၏ လုပ်ငန်းစွမ်းဆောင်ရည်အား ဘက်စုံထောင့်စုံမှ မြှင့်တင်ဆောင်ရွက်ရန်၊

(၁၄) ပြည်သူ့ဆေးရုံများရှိ ကုသရေးနှင့် ကုသမှုအထောက်အကူပြုဝန်ထမ်းများ၏ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရန်၊

(၁၅) ဝန်ထမ်းအိမ်ရာများ အချိန်မီပြီးစီးအောင် ဆောက်လုပ်ရန်၊

(၁၆) ပြည်သူ့ဆေးရုံများတွင် ရောဂါရှာဖွေရေး၊ ပုံရိပ်ဓါတ်မှန်နှင့် အရိုးအကြောအဆစ်ဆိုင်ရာ ပြုစုကုသရေးများနှင့် ခွဲစိတ်ကုသမှုများအတွက် လိုအပ်သော စက်ပစ္စည်းကိရိယာများအား ဝယ်ယူဖြည့်ဆည်းပေးခြင်းနှင့် ပြုပြင်ထိန်းသိမ်းရေးအတွက် ရန်ပုံငွေများခွဲဝေချထားရန်၊

(၁၇) ဆေးရုံများတွင် ဆေးနှင့်ဆေးပစ္စည်းများ ပိုမိုပံ့ပိုးဖြည့်ဆည်းပေးရန်နှင့် လုံခြုံစိတ်ချရ၍ ပျော်ရွှင်ချမ်းမြေ့ဖွယ်ရာ လုပ်ငန်းခွင်နှင့် သင်ကြားရေးအတွက် ပတ်ဝန်းကျင်ကောင်းများ တိုးတက်ဖြစ်ထွန်းလာစေရန်၊

(၁၈) ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးလုပ်ငန်းများတွင် မိုဘိုင်း tablet ဖုန်းများအား အကျိုးရှိထိရောက်စွာအသုံးချနိုင်ရန်တို့ဖြစ်ပါသည်။

- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ လုပ်ငန်းအစိတ်အပိုင်းတစ်ခုဖြစ်သည့် ဆေးနှင့်ဆေးပစ္စည်းများစီမံခန့်ခွဲမှုစနစ် (Supply Chain Management System) နှင့်အတူ ဘဏ္ဍာငွေခွဲဝေချထားမှုနှင့်သုံးစွဲမှုအား အကျိုးရှိထိရောက်စေရန် စနစ်တကျ ပြန်လည်သုံးသပ်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ အရင်းအမြစ်များစီးဆင်းမှုဆိုင်ရာ ခွဲခြမ်းစိတ်ဖြာသုံးသပ်ခြင်း (resource flow analysis) ကိုလည်း ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။ ဆေးနှင့်ဆေးပစ္စည်း စီမံခန့်ခွဲမှုစနစ်၏ အားနည်းမှုကြောင့် ဘဏ္ဍာငွေကျပ်သန်းပေါင်းများစွာ ဆုံးရှုံးရသည့်အတွက် ဝယ်ယူဖြန့်ဖြူးရေးစနစ်အား ပိုမိုချောမွေ့အောင် လိုအပ်သလိုပြုပြင်မွမ်းမံဆောင်ရွက်သွားမည်ဖြစ်ပြီး ဘဏ္ဍာငွေအလေအလွင့်နည်းပါးစေရန်သာမက အမှန်တကယ်လိုအပ်သောဆေးဝါးများကို လိုအပ်သောနေရာတွင်အချိန်မီရရှိနိုင်စေရန် နှင့် ဆေးရုံဆေးခန်းများတွင် သက်တမ်းလွန်ဆေးဝါးများ လျော့နည်းသွားစေရန်အတွက်လည်း ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

- အမျိုးသားကျန်းမာရေးစီမံကိန်း (၂၀၁၇-၂၀၂၁) လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်နေမှုအား ဦးစားပေးကိစ္စအနေဖြင့် ဆန်းစစ်ဆောင်ရွက်မည်ဖြစ်ပါသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့အထောက်အပံ့ဖြင့်ဆောင်ရွက်မည့် စီမံချက်လုပ်ငန်းများသည် အမျိုးသားကျန်းမာရေးစီမံကိန်းနှင့် ဆက်စပ်ချိတ်ဆက်ဆောင်ရွက်ရမည်ဖြစ်ပါသည်။ သင့်လျော်သော ညှိနှိုင်းဆောင်ရွက်မှုနှင့် ပြုပြင်မွမ်းမံမှုများကို လိုအပ်သလို ဆောင်ရွက်သွားရမည်ဖြစ်ပါသည်။
- ကိုယ်လက်လှုပ်ရှားဆေးတစ်ပါး (Exercise is Medicine) အစီအစဉ်အား တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများ၊ အမျိုးသမီးအားကစားအဖွဲ့ချုပ်တို့နှင့်အတူ ပူးပေါင်း၍ အရှိန်အဟုန်မြှင့် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။
  - (၂၀၂၀) ပညာသင်နှစ်မှစ၍ ဆေးတက္ကသိုလ်များတွင် စုစည်းချိတ်ဆက်သင်ကြားခြင်းသင်ရိုးညွှန်းတမ်း (integrated Curriculum) ဖြင့် စတင်သင်ကြားပို့ချပေးသွားမည်ဖြစ်သည့်အတွက် မျက်ခြေမပြတ် အနီးကပ် စောင့်ကြည့်၍ လိုအပ်သလို ပြင်ဆင်ညှိနှိုင်းဆောင်ရွက်ပေးရမည်ဖြစ်ပါသည်။
- ကုသရေးဆိုင်ရာလုပ်ငန်းများနှင့် ပြည်သူ့ဆေးရုံများ၏လုပ်ဆောင်ချက်များ အလုံးစုံတိုးတက်လာစေရန်အတွက် ဆေးလက်တွေ့ပညာဘာသာရပ်ဆိုင်ရာအဖွဲ့များ ဖွဲ့စည်းထားရှိပြီး ယင်းအဖွဲ့များ၏ ဆွေးနွေးအကြံပြုချက်များအား ရယူဆောင်ရွက်သွားမည်ဖြစ်ပါသည်။
- အမျိုးသားကျန်းမာရေးမူဝါဒ (National Health Policy) အား ယခုနှစ်ကုန်ပိုင်းတွင် ပြန်လည်ရေးဆွဲသွားမည်ဖြစ်ပြီး (၂၀၂၀)ခုနှစ် ပထမနှစ်ဝက်မတိုင်မီ ရေးဆွဲပြီးစီးရန် ရည်မှန်းပါသည်။
- သုတေသနဆိုင်ရာလုပ်ငန်းများအားလုံးသည် အမျိုးသားကျန်းမာရေးသုတေသနမူဝါဒ (National Health Research Policy) တွင် ဖော်ပြထားသည့် ဦးတည်ချက်များနှင့်အညီ ဆောင်ရွက်ရမည်ဖြစ်ပြီး ဆေးသုတေသနဦးစီးဌာနသည် ကုသရေးဦးစီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာနနှင့် အားကစားနှင့်ကာယပညာဦးစီးဌာနတို့နှင့် ပိုမိုတိုးမြှင့် ပူးပေါင်းဆောင်ရွက်သွားရန် တိုက်တွန်းအပ်ပါသည်။

- ပြည်နယ်နှင့်တိုင်းဒေသကြီးဦးစီးဌာနမှူးများနှင့် ဗဟိုအဆင့်ဆေးရုံအုပ်ကြီးများအား လုပ်ပိုင်ခွင့်အာဏာများအား ပိုမိုခွဲဝေပေးအပ်သွားမည်ဖြစ်ပါသည်။
- အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနနှင့် ဝန်ကြီးဌာန၏ ပြည်တွင်းပြည်ပဆက်ဆံရေးနှင့်သတင်းပြန်ကြားရေးဌာနခွဲ (International Relations Division) တို့၏ လုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် နှောင့်နှေးကြန့်ကြာမှုမရှိစေဘဲ ပြေပြစ်သွက်လက်မြန်ဆန်ချောမွေ့စေရန် အတွက် လိုအပ်သလိုပြုပြင်မွမ်းမံ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။
- ဒေသန္တရကျန်းမာရေးဌာနများ (UHCs)၊ ကျေးလက်ကျန်းမာရေးဌာနများ (RHCs)နှင့် ကျေးလက်ကျန်းမာရေးဌာနခွဲများ (SCs) များ၏လုပ်ဆောင်ချက်များကို ဆန်းစစ်သုံးသပ်ခြင်းလုပ်ငန်းအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး သင့်လျော်သောအဆင့်မြှင့်တင်မှုများကို ဆောင်ရွက်သွားမည်ဖြစ်ပါသည်။
- အစည်းအဝေးများနှင့် အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပဆောင်ရွက်သည့်အရေအတွက်အား သိသာစွာလျှော့ချသွားမည်ဖြစ်ပြီး ၄င်းအစား လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းနှင့် ပြန်လည်ဆန်းစစ်သုံးသပ်ခြင်းများအတွက် ပိုမိုအချိန်ပေးဆောင်ရွက်သွားမည်ဖြစ်ပါသည်။ မိမိတို့အနေဖြင့် အစည်းအဝေးများ၊ အလုပ်ရုံဆွေးနွေးပွဲများနှင့် ဆန်းစစ်ဆွေးနွေးပွဲများမှ ထွက်ပေါ်လာသည့် ဆုံးဖြတ်ချက်များ (recommendations) အား ပြန်လည်ဆန်းစစ်ရန်လိုအပ်ပြီး အရေးကြီးသည့်ဆုံးဖြတ်ချက်များအပေါ် အရေးယူဆောင်ရွက်ရန်လည်းလိုအပ်ပါသည်။
- ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနအနေဖြင့် ချမှတ်ရေးဆွဲထားသည့် မြန်မာ့ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဆိုင်ရာမဟာဗျူဟာ (၂၀၁၈-၂၀၂၂) တွင်ပါရှိသည့် လုပ်ငန်းများ အောင်မြင်စေရန် ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ပါသည်။ ဆေးပညာသင်ကြားရေးစနစ်တစ်ရပ်လုံး ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအောက်ရှိ တက္ကသိုလ်အသီးသီး၏ ဆေးပညာသင်ကြားရေးဌာနများ (Medical Education Units) က ဦးဆောင်အခန်းကဏ္ဍမှ တက်ကြွစွာ ဆောင်ရွက်သွားနိုင်ရန်ရည်ရွယ်လျက် အသေးစိတ်စိစစ်လေ့လာဆောင်ရွက်သွားမည်ဖြစ်ပါသည်။
- အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနအနေဖြင့် အစားအသောက်နှင့်ဆေးဝါး ခွင့်ပြုချက်လိုင်စင် လျှောက်ထားခြင်းများအား အချိန်တိုအတွင်း မြန်ဆန်ထိရောက်စွာ ဆောက်ရွက်သွားနိုင်ရန် လုပ်ငန်းပြန်လည်ဆန်းစစ်သုံးသပ်ခြင်းအား ဆောင်ရွက်လျက်ရှိပါသည်။ ရှေ့လာမည့်

လများတွင် လမ်းဘေးဈေးသည်များ ရောင်းချနေသော အစားအသောက်များ (street foods) ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် နီးနွယ်ဌာနများနှင့် ပူးပေါင်းလက်တွဲ ဆောင်ရွက်သွားရန် ရည်မှန်းထားပါသည်။

- တိုင်းရင်းဆေးပညာဦးစီးဌာနအနေဖြင့် ဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းများ အဆင်ပြေချောမွေ့စေရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး အထူးအားဖြင့် တိုင်းရင်းဆေးတက္ကသိုလ်ရှိ ဆရာ၊ ဆရာမများ၏ အရည်အသွေးမြှင့်တင်ခြင်းဖြင့် တိုင်းရင်းဆေးပညာသင်ကြားရေးလုပ်ငန်းများကို ပိုမိုတိုးမြှင့် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ရှေ့လာမည့်လများတွင် တိုင်းရင်းဆေးပညာရပ်ဆိုင်ရာအကြံပေးအဖွဲ့ (Technical Advisory Group on Traditional Medicine) ၏ အကြံပြုချက်များကို အလေးထားရယူကာ လုပ်ငန်းများဆောင်ရွက်သွားမည်ဖြစ်ပါသည်။ တိုင်းရင်းဆေးပညာနှင့်ပတ်သက်သည့် သုတေသနလုပ်ငန်းများသာမက တိုင်းရင်းဆေးဝါးများအား လက်တွေ့အသုံးချဆေးပညာဆိုင်ရာသုတေသနများအားလည်း တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။
- ပြည်ပအဖွဲ့အစည်းများမှ အထောက်အပံ့ ရန်ပုံငွေများကို အကျိုးရှိ ထိရောက်စွာ အသုံးချနိုင်ရေးအတွက် စနစ်တကျ စောင့်ကြည့်ကြီးကြပ်သွားမည်ဖြစ်ပြီး ရန်ပုံငွေများအား ကျိုးကြောင်းလျော်ညီစွာ ခွဲဝေအသုံးပြုနိုင်ရေးအတွက်လည်း အတတ်နိုင်ဆုံး ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။
- အီလက်ထရောနစ်နည်းပညာအား ထိရောက်စွာ ပိုမိုအသုံးချ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ အစည်းအဝေးများနှင့် အလုပ်ရုံဆွေးနွေးပွဲများတွင် သမားရိုးကျ စာရွက်စာတမ်းများအသုံးပြုခြင်းအား လျှော့ချသွားရန် (paperless workshops and meetings) နှင့် အီလက်ထရောနစ်ရုံးစာစီမံခန့်ခွဲမှုစနစ် (electronic in-house memos) အား ဝန်ကြီးဌာနအတွင်း အကောင်အထည် ဖော်ဆောင်ရွက်ရန်စသည်တို့မှာ ဦးစားပေး လုပ်ငန်းစဉ်များဖြစ်ပါသည်။
- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် နိုင်ငံတကာကျန်းမာရေးဆိုင်ရာအဖွဲ့အစည်း (၇၅)ဖွဲ့၊ နိုင်ငံတကာအစိုးရမဟုတ်သောအဖွဲ့အစည်း (၉၄) ဖွဲ့တို့နှင့် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး၍ လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

- (၂၀၁၉-၂၀၂၀) ခုနှစ် ဘဏ္ဍာရေးနှစ်တွင် နိုင်ငံတော်မှ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအား ရန်ပုံငွေ ကျပ်သန်းပေါင်း (၁,၀၁၈,၁၀၁.၀၂၂) ခွဲဝေချထားပေးခဲ့ပြီး မိမိတို့အနေဖြင့် ယင်းဘဏ္ဍာငွေများကို ထိရောက်မှုအရှိဆုံးနှင့် အကျိုးဖြစ်ထွန်းမှုအများဆုံးဖြစ်စေရန် သုံးစွဲသွားမည်ဖြစ်ပါသည်။
- မိမိတို့ ဝန်ထမ်းတစ်ဦးချင်းစီမှ လုပ်ငန်းများကို ကိုယ်ပိုင်အရေးကိစ္စများသဖွယ် တာဝန်ယူမှု၊ တာဝန်ခံမှု အသိစိတ်ဓါတ်ဖြင့် ဆောင်ရွက်သွားမည်ဆိုပါက ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ရည်ရွယ်ချက်များပြည့်မီကာ ရည်မှန်းချက်ပန်းတိုင်သို့ ရောက်ရှိအောင်မြင်နိုင်မည်ဖြစ်ပါသည်။
- လုပ်ငန်းများအား အထောက်အကူပြု ပူးပေါင်းညှိနှိုင်းဆောင်ရွက်နိုင်ရေး ရည်သန်လျက် ဒုတိယညွှန်ကြားရေးမှူးချုပ်များမှ ကွင်းဆင်းကြီးကြပ်စစ်ဆေးခြင်းများ ပိုမိုဆောင်ရွက်သွားရန် တိုက်တွန်းအပ် ပါသည်။
- မိမိတို့အနေဖြင့် ပြည်သူလူထုတစ်ရပ်လုံး၏ ကျန်းမာရေးအဆင့်အတန်း တိုးတက်မြင့်မားလာစေရေးအတွက် ဆန်းသစ်တီထွင်သည့်နည်းလမ်းကောင်းများ တွေးခေါ်ကြံဆဖော်ထုတ်၍ အမြင်သစ်အတွေးသစ်များဖြင့် အကျိုးရှိထိရောက်ပြီး လက်တွေ့ကျသော လုပ်ငန်းဆောင်တာများအား အကောင်အထည်ဖော်ဆောင်ရွက်သွားကြပါစို့ဟု တိုက်တွန်းအပ်ပါသည်။